# ကရင်နီပြည်နယ် ကြားကာလပညာရေးမူဝါဒ (စတုတ္ထမူကြမ်း)

## ဦးတည်ချက်

ပညာရေးသည် လူသားတိုင်း၏ အခြေခံလူ့အခွင့်အရေးတစ်ရပ် ဖြစ်သောကြောင့် တိုင်းရင်းသားလူမျိုးအသီးသီး၏ ဘာသာစကား၊ စာပေ၊ ယဥ်ကျေးမှုနှင့် နောက်ခံသမိုင်း တို့ကို ထိန်းသိမ်းကာကွယ်နိုင်ရန် နှင့် အမျိုးသားလူမှုဘဝ မြင့်မားတိုးတက်ရန်၊ လွတ်လပ်စွာ ကိုယ်ပိုင်တွေးခေါ်မြော်မြင်မှုများ ရှင်သန် ရပ်တည်ရေးကို အာမခံပေးပြီး နိုင်ငံတကာပညာရေးနှင့် ရင်ဘောင်တန်းနိုင်မည့် အမျိုးသားပညာရေးစနစ် တစ်ရပ်ကို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်နှင့်အညီ ဖော်ဆောင်ရန်။

## အခြေခံလမ်းညွှန်မူများ

၁။ လူ့အခွင့်အရေးကို အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ် ဖြစ်ရမည်။

၂။ တိုင်းရင်းသားလူမျိုးများ၏ မိမိကြမ္မာမိမိဖန်တီးခွင့်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အရ ထူထောင်သော အမျိုးသားပညာရေးကျောင်းများနှင့် ပုဂ္ဂလိကပညာရေး လွတ်လပ်ခွင့်အရ ဖွင့်လှစ်သော ကျောင်းများ တရားဝင် ရပ်တည်ခွင့် ရှိရမည်။ (Reference: ABIDJAN Principles)

၃။ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားလူမျိုးအသီးသီး၏ ဘာသာစကား၊ စာပေယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကို မပျက်မယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်သည့်အပြင် ပိုမိုတိုးတက်ကောင်းမွန်အောင် ဖော်ဆောင်ရမည်။ (MTBMLE and SDG4)

၄။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်တံ့ခိုင်မြဲရေးကို ဖော်ဆောင်သော ပညာရေးစနစ် ဖြစ်ရမည်။

၅။ ~~ကလေးအားလုံး~~ လူတိုင်းအကျိုးဝင်သော ပညာရေးစနစ်နှင့် အရည်အသွေးရှိပြီး ဘဝ အာမခံချက်ရှိသော ပညာရေးစနစ်ကို ကျင့်သုံးမည်။

၆။ အစဉ်သင်ယူနေသော ပညာလူ့အဖွဲ့အစည်း (Learning Society) အဖြစ် ပျိုးထောင်နိုင်မည့် ပညာရေးစနစ်ကို တည်ဆောက်ရမည်။ lifelong learning

# မူဝါဒ အကြံပြုချက်များ

(က) ကြားကာလဆိုင်ရာ မူဝါဒအကြံပြုချက်များ

၁။ တိုင်းရင်းသား~~လက်နက်ကိုင်~~ခုခံတော်လှန်ရေးအဖွဲ့အစည်းများ (EROs) ၏ ပညာရေးလုပ်ငန်းများ နှင့် ကြားကာလ အကောင်အထည်ဖော်ဆောင်နေသော ပညာရေးလုပ်ငန်းများ၊ ကျောင်းများနှင့် သင်တန်းများ အားလုံးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အသိအမှတ်ပြုသည်။

၂။ ကရင်နီပြည်နယ်အတွင်း တိုင်းရင်းသားခုခံတော်လှန်ရေးအဖွဲ့အစည်းများ၏ ကျောင်းများမှ ဆရာဆရာမများ၊ ကြားကာလပညာရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော CDM ဆရာဆရာမများ၊ ~~လုပ်အားပေး~~ စေတနာ့ဝန်ထမ်းဆရာဆရာမများနှင့် ပညာရေးဝန်ထမ်းများအား တရားဝင် အသိအမှတ်ပြုပြီး အသွင်ကူးပြောင်းရေးကာလနှင့် ဖက်ဒရယ်ကာလတို့တွင် ဆက်လက်၍ အလုပ်လုပ်ကိုင်ခွင့် ရှိမည်။

၃။ ကြားကာလတွင် တိုင်းရင်းသား~~လက်နက်ကိုင်~~ခုခံတော်လှန်ရေး ပညာရေးအဖွဲ့အစည်းများ၊ လက်ရှိ ဖွင့်လှစ်နေကြသော ကျောင်းများတို့မှ ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းများသည် ~~ကရင်နီပြည်နယ်အခြေခံသင်ရိုးနှင့်အတူ~~ ဖက်ဒရယ်ဒီမိုကရေစီ ~~အမျိုးသား~~ပညာရေး မူဝါဒ၊ သင်ရိုးညွှန်းတမ်းစံနှုန်း/စွမ်းရည်အခြေပြုသင်ရိုးညွှန်းတမ်းတို့နှင့် ချိတ်ဆက်ထားရမည်။

တိုင်းရင်းသားခုခံတော်လှန်ရေးအဖွဲ့အစည်းများ၏ ပညာရေးဌာနမှ ဖွင့်လှစ်ထားသော ကျောင်းများ၊ ကြားကာလတွင် ဖွင့်လှစ်ထားသော ကျောင်းများတို့မှ အသုံးပြုလျက်ရှိသော သင်ရိုးညွှန်းတမ်းများကို ဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒနှင့်အညီ ရေးဆွဲမည့် ပြည်နယ် အခြေခံသင်ရိုး ပေါ်ပေါက်လာသည်အထိ ချိတ်ဆက် ဆောင်ရွက်သွားမည်။

၄။ ကြားကာလတွင် ~~တိုင်းရင်းသားဒေသများအတွင်း~~ ကရင်နီပြည်နယ်အတွင်း နိုင်ငံတကာပညာရေးဆိုင်ရာ အကူအညီကိစ္စများ ကူညီထောက်ပံ့ရာတွင် တိုင်းရင်းသား~~လက်နက်ကိုင်~~ခုခံတော်လှန်ရေးအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် တိုက်ရိုက် ဆက်သွယ် ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်~~ရမည်~~နိုင်သည်။

၅။ ကြားကာလတွင် ကရင်နီပြည်နယ်အတွင်းရှိ ~~ကလေးတိုင်း~~ လူတိုင်း ပညာသင်ကြားခွင့်ရရှိရေး ဆောင်ရွက်ရာတွင် ဒုက္ခသည်စခန်းများ၊ စစ်ဘေးရှောင်စခန်းများ၊ ပြည်သူ့အခြေပြုစာသင်ကျောင်းများ နှင့် နယ်စပ်ဒေသတွင် ရောက်ရှိနေသော ကလေးများအားလုံး စဉ်ဆက်မပြတ် ပညာသင်ကြားခွင့်ရရှိရေးအတွက် အထူး အလေးထား ဆောင်ရွက်ပေးရမည်။

၆။ ကရင်နီပြည်နယ် ပညာရေးကောင်စီသည် ရှေးဦးကလေးသူငယ်ပညာရေးနှင့် အခြေခံပညာရေးကို ကလေးများ အသက်အရွယ်အလိုက် သင်ယူနိုင်ခွင့်ရှိအောင် ဆောင်ရွက်မည်။

၇။ ကြားကာလတွင် နည်းလမ်းအမျိုးမျိုးဖြင့် သင်ယူလျက်ရှိသော ကျောင်းသူကျောင်းသားများအားလုံးသည် အသွင်ကူးပြောင်းရေးကာလနှင့် ဖက်ဒရယ်ပညာရေးစနစ် အကောင်အထည်ဖော်သည့်ကာလ၌ အသက်နှင့်ကိုက်ညီသည့် အတန်းအဆင့်တွင် သင်ကြားခွင့်ရရှိအောင် ဆောင်ရွက်မည်။

၈။ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်စေရန်အတွက်လည်းကောင်း၊ လူ့ဂုဏ်သိက္ခာနှင့်အညီ ရှင်သန် ရပ်တည်နိုင်ရေးအတွက်လည်းကောင်း ဒေသနှင့်လိုက်လျောညီထွေမှုရှိသော နည်းပညာနှင့် သက်မွေးပညာရေး Technical and Vocational Education Training (TVET) ကို အလေးထား အကောင်အထည်ဖော်ဆောင်ရမည်။

## (ခ) အထွေထွေမူဝါဒ အကြံပြုချက်များ

၁။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပညာရေးစနစ်တွင် ပြည်နယ်အစိုးရ (သို့မဟုတ်) ကြားကာလ ပြည်နယ်အုပ်ချုပ်ရေးကောင်စီနှင့် ကြားကာလဥပဒေပြုရေးကော်မတီများမှ ပညာရေးကဏ္ဍ၌ ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခွင့်များ ရှိရမည်။ (ဇယား-၁ ကို ကိုးကားရန်)

၂။ ~~ကရင်နီပြည်နယ်သူ/သားများကို ကိုယ်စားပြုသည့်~~ ပြည်နယ်ပညာရေးကောင်စီသည် ပြည်နယ်၏ ပညာရေးကို ဖက်ဒရယ်ဒီမိုကရေစီ~~ပြည်ထောင်စု~~ပညာရေးမူဝါဒ~~စံနှုန်းများ~~နှင့်အညီ လွတ်လပ်စွာ ပြဋ္ဌာန်းခွင့်၊ အကောင်အထည်ဖော်ခွင့် ရှိရမည်။ (ဇယား-၂ ကို ကိုးကားရန်)

၃။ ပညာရေးဆိုင်ရာအခွင့်အာဏာကို သက်ဆိုင်ရာ မြို့နယ်အလိုက်၊ ဒေသအလိုက်၊ ကျောင်းအလိုက် ကရင်နီပြည်နယ် ကြားကာလအစီအမံ၊ ပညာရေးအစီအမံများနှင့်အညီ လွတ်လပ်စွာ စီမံအုပ်ချုပ်ပိုင်ခွင့် ရှိရမည်။ (ဇယား-၁ ကို ကိုးကားရန်)

၄။ တိုင်းရင်းသားဘာသာစကားများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ခြင်းကို ကြားကာလ ပြည်နယ်အုပ်ချုပ်ရေးကောင်စီ ~~ပြည်နယ်အစိုးရ (အုပ်ချုပ်ရေးအဖွဲ့/ကော်မတီ)~~၊ ၎င်းပြည်နယ်တွင်းရှိ သက်ဆိုင်ရာ တိုင်းရင်းသားပညာရေးအဖွဲ့အစည်းများနှင့် ~~သက်ဆိုင်ရာပညာရေးအဖွဲ့အစည်းတို့မှ~~ ပူးပေါင်း ဆောင်ရွက်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့် ရှိရမည်။

~~ဖြစ်ပြီး ပညာရေးလိုအပ်ချက်များကို အမျိုးသား ညီညွတ်ရေးအစိုးရမှ ကူညီထောက်ပံ့မှုများ ပြုရမည်။~~

၅။ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပညာရေးကျောင်းများကို မိမိတို့၏ ~~အမျိုးသား~~ပြည်နယ်များတွင်သာမက သက်ဆိုင်ရာတိုင်းရင်းသားများနေထိုင်သော အခြားဒေသများတွင်လည်း လွတ်လပ်စွာ ဖွင့်လှစ်ရန် သက်ဆိုင်ရာ ပြည်နယ်များနှင့် အပြန်အလှန် ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရမည်။ ~~ခွင့် ရှိရမည်။~~

၆။ ~~ပြည်နယ်တစ်ခုနှင့် တစ်ခုအကြား~~ ပြည်နယ်အတွင်း ကျောင်းတစ်ကျောင်းမှတစ်ကျောင်းသို့၊ ပြည်နယ် တစ်ခုမှတစ်ခုသို့ ကျောင်းပြောင်း သင်ကြား/သင်ယူနိုင်ရေးအတွက် ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးမူဝါဒနှင့်အညီ ကျောင်းများ၊ ပြည်နယ်များ ~~မူးပေါင်း ညှိနှိုင်းပြီး~~ စံနှုန်းတူ ပညာရေးစနစ်ကို အသိအမှတ်ပြုကျင့်သုံးရမည်။

~~ကျောင်းပြောင်းနိုင်သည့် နည်းလမ်းကို ညှိနှိုင်းထားရန်။~~

၇။ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေး (Mother Tongue Based Multilingual Education) စနစ်ကို မူလတန်းအဆင့်မှစတင်၍ အဆင့်ဆင့် တိုးချဲ့ပြီး အဆင့်မြင့်ဒီဂရီ (Advanced Degree) များ သင်ကြားပေးနိုင်ရေးအတွက် ~~သက်ဆိုင်ရာ~~ ပြည်နယ်ပညာရေး ကောင်စီ ~~ကော်မတီ~~ မှ ပြဋ္ဌာန်းပေးပိုင်ခွင့် ရှိရမည်။

၈။ တက္ကသိုလ်များနှင့် ကောလိပ်များတွင် တိုင်းရင်းသားဘာသာစာပေနှင့် တိုင်းရင်းသားလူမျိုးဆိုင်ရာ လေ့လာရေး (Ethnic Social Study) တို့ကို အထူးပြုသင်ယူနိုင်သော ဌာနများ ထားရှိရမည်။ ယာယီတက္ကသိုလ်အုပ်ချုပ်ရေးကောင်စီများနှင့် တိုင်ပင်ညှိနှိုင်းပြီး ကရင်နီပြည်တွင် အဆင့်မြင့်တက္ကသိုလ်ပညာရေးကို ညှိနှိုင်းဆောင်ရွက်သွားရန်။ (Karenni Federal University/ Comprehensive University ထူထောင်နိုင်ရန် အကြံပြု)

၉။ ကျောင်းပညာရေးစနစ်အပြင် အသက်မွေးဝမ်းကျောင်းပညာရေး (Vocational Education) များကို တိုင်းရင်းသားဒေသ အလုပ်အကိုင်များနှင့်ဆက်စပ်၍ အခြားဘာသာရပ်များနည်းတူ အဆင့်မြင့်ပညာ (Higher Education) ထိ သင်ကြားပေးနိုင်သည့် ပညာသင်ဌာနများ ဖွင့်လှစ်ထားရှိရမည်။ (ပုံကားချပ်-၂ ကို ကိုးကားရန်)

၁၀။ ရေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေး၊ မူကြိုပညာရေးစနစ်ကို အခြေခံပညာရေးနည်းတူ မသင်မနေရ အခမဲ့ ပညာရေးစနစ်အဖြစ် သက်ဆိုင်ရာပညာရေးကော်မတီ လက်အောက်တွင် ထားရှိရမည်။ (ကျောင်းဖွဲ့စည်းပုံ KG +12) အသွင်ကူးပြောင်းရေးကာလ

၁၁။ ~~အခြေခံပညာရေး (Junior Secondary) ကို မူလတန်းမှ အထက်တန်းအောက်အဆင့် (တက္ကသိုလ်ဝင်တန်း မတိုင်မီ အတန်းအောက်အဆင့်နှင့် အခြေခံမူလတန်းများအကြားတွင် ရှိသည့် အတန်းများ ပါဝင်သည်) အထိ အခမဲ့ မသင်မနေရ (Free and Compulsory) ပညာရေးစနစ်နှင့် အထက်တန်း အထက်အဆင့် (Senior Secondary) (တက္ကသိုလ်ဝင်တန်း မတိုင်မီအတန်းများနှင့် တက္ကသိုလ်ဝင်တန်း အတန်း ပါဝင်သည်) ကို အခမဲ့ပညာရေးစနစ် ဖြစ်ရမည်။~~

(ကရင်နီပြည်နယ်တွင် အခြေခံပညာရေးကို အခမဲ့ ဆောင်ရွက်ပြီး မသင်မနေရ ပညာရေးစနစ် (Compulsory Education) ကို အလယ်တန်း ပြီးဆုံးသည်အထိ ဆောင်ရွက်မည်။) အသွင်ကူးပြောင်းရေးကာလ

၁၂။ မသန်စွမ်းသူများ၊ ဆင်းရဲနွမ်းပါးသူများ၊ ပညာရေး လက်လှမ်းမမီသူများ၊ ဝေးလံခေါင်ဖျားဒေသများ၊ သင်ယူမှုအခက်အခဲ (Learning Difficulty ~~Disability~~) ရှိသူများအတွက် လူတိုင်းအကျုံးဝင် (Inclusive) ပညာရေး မူဝါဒများကို ချမှတ် ကျင့်သုံးရမည်။

၁၃။ နိုင်ငံသားတိုင်း ကျောင်းပြင်ပ ပညာရေး (Non-formal Education) နှင့် ကျောင်းတွင်းပညာရေး (Formal Education) အကြား တရားဝင်ကူးပြောင်း ပညာသင်ခွင့် ရရှိနိုင်ရေးအတွက် ဥပဒေ ပြဋ္ဌာန်းပေးရမည်။

၁၄။ ဝေးလံဒေသများနှင့် အထူးလိုအပ်ချက်ရှိသောဒေသများရှိ ပညာရေးနယ်ပယ်များတွင် အထူး စီမံချက်များ လုပ်ဆောင်ပေး၍ ပညာရေးရံပုံငွေများ ပိုမို တိုးမြှင့်ပေးရမည်။

၁၅။ ပညာရေးနယ်ပယ်တွင် မူးယစ်ဆေးဝါးများ၊ အဂတိလိုက်စားမှု၊ အကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံမှုများ ကင်းရှင်းရေးအတွက် အထူးမူဝါဒများ ချမှတ်ရမည့်အပြင် ပညာရေးဝန်ထမ်းများ၊ ကျောင်းသူ/သားများနှင့် သင်ယူမှုဝန်းကျင်တို့၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ မူဝါဒများကို ရေးဆွဲရမည်။

၁၆။ သင်ရိုးညွှန်းတမ်းများ ပြုစုရာတွင် ဖက်ဒရယ်ဒီမိုကရေစီ~~အမျိုးသားပညာ~~ရေးသင်ရိုးညွှန်းတမ်း~~စံနှုန်း~~ အညွှန်းဘောင်နှင့် ချိတ်ဆက်ပြီး ဆိုင်ရာပြည်နယ်ပညာရေးကောင်စီ~~ကော်မတီ~~နှင့် ပညာရေးဘုတ်အဖွဲ့၊ ~~တို့ ပူးပေါင်းရေးဆွဲနိုင်ရေး~~ သမဂ္ဂများနှင့် ပညာရှင်များ ပါဝင် ပူးပေါင်းရေးဆွဲနိုင်ရေးအတွက် စီမံ ဆောင်ရွက်ရမည်။ ~~လိုအပ်သည့် ငွေကြေးနှင့် နည်းပညာများကို ကြားကာလ အမျိုးသား ညီညွတ် ရေးအစိုးရမှ ကူညီ ပံ့ပိုးရမည်။~~

၁၇။ သင်ရိုးညွှန်းတမ်းတွင် တိုင်းရင်းသားလူမျိုးအသီးသီး၏ သမိုင်း၊ စာပေယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်း အပါအဝင် အခြေခံကျန်းမာရေး၊ အားကစား၊ ကာယပညာ၊ လူမှုပေါင်းသင်း ဆက်ဆံရေး၊ အနုပညာ၊ ပြည်သူ့နီတိ၊ နိုင်ငံရေးသိပ္ပံ၊ လူ့အခွင့်အရေး၊ စဉ်းစားတွေးခေါ်မှု စွမ်းရည်၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အသိပညာဘာသာရပ်များကို ထည့်သွင်း သင်ကြားပေးရမည်။

၁၈။ ရေရှည်တည်မြဲသော ဖွံ့ဖြိုးရေးအတွက် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသည့် ရိုးရာအလိုက် ရှင်သန်နေထိုင်မှုနည်းလမ်းများ၊ ကရင်နီပြည်၏ ဒေသတွင်း အသိပညာများ (local wisdom)၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မည့် အသိပညာများကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်း သင်ကြားပေးရမည်။

၁၉။ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်မှု ~~(မူကြို)~~ ပညာရေး၊ အခြေခံကျောင်းပညာရေးနှင့် အဆင့်မြင့်ပညာရေးစနစ်သည် ကျောင်းသူ/သားများကို ဗဟိုပြု၍ သင်ကြားသင်ယူခြင်း၊ လွတ်လပ်သော ပညာရေးဆိုင်ရာသုတေသနပြုမှုများကို အားပေး မြှင့်တင်ရမည်။

၂၀။ စဉ်ဆက်မပြတ် ဘက်စုံစစ်ဆေးအကဲဖြတ်ခြင်း (Continuous and Comprehensive Assessment)၊ ~~ကလေး~~ကျောင်းသားဗဟိုပြုစစ်ဆေးအကဲဖြတ်ခြင်း (Student-centered Assessment)၊ သင်ယူမှုကို မြှင့်တင်သော စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment) များကို ကျင့်သုံးရမည်။

၂၁။ ~~ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများကို ပညာရေးအဆင့်တိုင်း (အခြေခံ၊ အသက်မွေးဝမ်းကြောင်းပညာနှင့် အဆင့်မြင့်ပညာ ပါဝင်သည်) တွင် ထားရှိရမည်။~~

အသက်မွေးဝမ်းကြောင်းပညာနှင့် အဆင့်မြင့်ပညာများတွင် သင်ကြားရန် ငွေကြေး အခက်အခဲရှိသော ကျောင်းသူကျောင်းသားများအတွက် ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေးများနှင့် အခြားအစီအစဉ်များ ထားရှိ ဆောင်ရွက်မည်။

၂၂။ ပညာတော်သင်ဆုများကို ပေးအပ်ခြင်းနှင့် ပညာရေးဝန်ထမ်းများ ခန့်အပ်ရာတွင် အရည်အချင်း ပြည့်မီသည့် ဒေသခံတိုင်းရင်းသားများအား ဦးစားပေး ဆောင်ရွက်မည်။ ~~ခန့်အပ်ရမည်။~~

~~ပြင်ဆင်ဖြည့်စွက်ချက်~~

~~၁။ (စီဒီအမ်လုပ်ဆောင်သော ဆရာ၊ ဆရာမများကို ဦးစားပေးခန့်အပ်ရမည်)~~

~~၂။ ကြားကာလတွင် စေတနာဝန်ထမ်းအဖြစ် ပါဝင်သင်ကြားနေသူများအား (အရည်အချင်း ပြည့်ဝသူ) အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ဆောင်ရွက်ပေးရမည်။~~

၂၃။ ဆရာဆရာမများ၏ ဂုဏ်သိက္ခာနှင့်အညီ လူမှုဘဝရပ်တည်နိုင်မှုအထောက်အပံ့များနှင့် စွမ်းရည် မြှင့်တင်မှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်ပေးရမည်။

၂၄။ ကျောင်းသား/သူများ၊ ဆရာ/မများသည် အသင်းအဖွဲ့များ၊ သမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းခွင့် ပြုပေးရမည်။

၂၅။ ပြည်နယ်၏ပညာရေးကောင်စီ~~ကော်မတီ~~သည် ပညာရေးဆိုင်ရာလုပ်ငန်းများကိုသာ အဓိက ဆောင်ရွက်သော ~~သီးခြား ဆောင်ရွက်နိုင်သော~~ ဌာန ဖြစ်ရမည်။

၂၆။ ပညာရေးစနစ်အား လူမျိုးရေး၊ ဘာသာရေးတို့အရ လွှမ်းမိုးမှု၊ ချုပ်ချယ်မှု မရှိစေရ၊

~~ပြင်ဆင်ဖြည့်စွက်ချက် (လူမျိုးရေး အချက်အား ထပ်မံဖြည့်စွက်ရမည်။)~~

၂၇။ သင်ကြားမည့် ဘာသာရပ်များ၊ အတန်းအရေအတွက်များနှင့် ကိုက်ညီသော ဆရာ ဦးရေ ~~အရေ အတွက်~~ဖြင့် ခန့်ထားမှု ရှိရမည်။

၂၈။ တော်လှန်ရေးလုပ်ငန်းတွင် ပါဝင်နေကြသော ကျောင်းသူကျောင်းသားများ ဆက်လက်ပညာသင် ကြားခွင့်ကို ဆောင်ရွက်သွားရမည်။

ပြင်ဆင်ဖြည့်စွက်ချက် (ကျောင်းသားကျောင်းသူများ တပြေးညီ ပညာသင်ကြားခွင့်ရရှိရန် ထည့်သွင်း စဉ်းစားသင့်သည်။)

~~၂၉။ ဆရာ/မများအား သင်ကြားမှု စွမ်းရည်များကို အစဉ်မပြတ် ဖြည့်ဆည်းပေးမည်။~~

၃၀။ သင်ရိုးညွှန်းတမ်းဆိုင်ရာနှင့် ကျောင်းပြောင်းရေးနည်းလမ်းကို ပြည်နယ်ပညာရေးကောင်စီ ~~ကော်မတီ~~ အတွင်း ညှိနှိုင်းဆောင်ရွက်သွားရမည်။

၃၁။ ပြည်နယ်အတွင်း ပညာရေးအဖွဲ့အစည်းများအားလုံးကို ပြည်နယ်ပညာရေးကောင်စီ~~ကော်မတီ~~မှ အသိအမှတ်ပြု၍ ချိတ်ဆက်ဆောင်ရွက်သွားရမည်။

ဘဏ္ဍာရေးမူဝါဒ ရေးရန် အကြံပြု

## ကရင်နီပြည် ပညာရေးကော်မတီမှ ကြားကာလပညာရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊

၁။ ကရင်နီပြည်နယ်တွင်ရှိသော ကလေးအားလုံးပညာသင်ကြားနိုင်ရန် ဆောင်ရွက်သွားရေး လုပ်ငန်းစဉ်များ၊

၂။ သင်ကြားမည့် ဆရာ၊ ဆရာမများ၏ သင်ကြားမှုစွမ်းရည်မြင့်မားရေးနှင့် စံပြခေါင်းဆောင်များ ဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်သွားရေး လုပ်ငန်းစဉ်များ၊

၃။ ကရင်နီပြည်တွင်ရှိသော ကျောင်းများအားလုံး တစ်ပြေးညီ သင်ရိုးညွှန်းတမ်းဆိုင်ရာများအား ကျင့်သုံး ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်း အကောင်အထည်ဖေါ်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များ၊

၄။ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို စစ်ဆေးအသိအမှတ်ပြုနိုင်ရေးအတွက် လိုအပ်သည့် ပညာရေးဆောင်ရာ အကဲဖြတ်မှုများအား သိမ်းဆည်းသွားနိုင်ရေး လုပ်ငန်းစဉ်များ၊

၅။ ကရင်နီပြည်နယ်တွင် ရှိသော ပညာရေးဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ပေါင်းစပ်ညှိနှိုင်းရေး နှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များ၊

၆။ တခြားသော ပြည်နယ်ယူနစ်များနှင့် ချိတ်ဆက်၍ ကျောင်းသူ/သားများ ကျောင်းပြောင်းကိစ္စ အပါအဝင် အခြား ပညာရေးဆိုင်ရာ ကိစ္စရပ်များအား ညှိနှိုင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်၊

၇။ ပြည်နယ်ပညာရေး ရံပုံငွေဆိုင်ရာ ရှာဖွေဆောင်ရွက်ရေးလုပ်ငန်းစဉ်များ၊

၈။ ကြားကာလ/ တော်လှန်ရေးကာလနှင့် သင့်လျော်ကိုက်ညီမည့် ပညာရေး မူဝါဒများ၊ ပညာရေး နည်းဥပဒများ၊ လုပ်ထုံးလုပ်နည်းများကို ချမှတ်ရေးဆွဲရေး လုပ်ငန်းစဉ်များ။

၉။ အရေအတွက်နှင့် အရည်အသွေးတိုးတက်ကောင်းမွန်စေရန်အတွက် ကရင်နီပြည်၏ “ပညာရေးစနစ်ကို အကဲဖြတ်ဆန်းစစ်လေ့လာမှု လုပ်ငန်းစဉ်များ” နှင့် “ပညာရေးသုတေသန” လုပ်ငန်းစဉ်များ။